အဓမ္မလုပ်အားနှင့် ခိုင်းစေဖောက်လုပ်နေခဲ့သော တရနာ–ကျုံဒိုးလမ်း သတ်မှတ်ထားသည့်အတိုင်း မပြီးစီးသည့်အတွက် ဒေသခံများကို နအဖအရာရှိတို့မှ ကြိမ်းမောင်း

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇွန်လ ၂၅ ရက်၊ ၂၀၀၃ ခုနှစ်။ ကရင်ပြည်နယ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများအတွက် ဆိုပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဦးစီးကာ ဒေသခံများ၏ အဓမ္မလုပ်အားနှင့် ဖောက်လုပ်နေခဲ့သော မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တရနာကျေးရွာမှ ကော့ကရိတ်မြို့နယ် ကျုံဒိုးကျေးရွာ လမ်းကို သတ်မှတ်ထားသည့်စံချိန်အတိုင်း ဒေသခံများက မဖောက်လုပ်ပေးနိုင်သည့်အတွက် နအဖ အစိုးရတာဝန်ရှိသူတို့က ဒေသခံများကို ကြိမ်းမောင်းနေခဲ့ကြောင်း ဒေသခံများက ယနေ့ ပြောပြခဲ့ပါသည်။

မိုင်တိုင် ၃၀ ရှည်သည့် တရနာ–ကျုံဒိုးလမ်းကို နအဖစစ်အာဏာပိုင်တို့က ခေတ်မှီစက်ကိရိယာများနှင့် မဖောက်လုပ်ဘဲ၊ ၄င်းလမ်းတလျှောက်ရှိ ကျေးရွာပေါင်း ၂၅ ရွာမှ ရွာသူရွာသားများအား လုပ်အားပေးခေါ်ယူကာ သတ်မှတ်ချက်အကွာအဝေးနှင့် ဖောက်လုပ်ခိုင်းနေခဲ့ပါသည်။

ထိုသို့ ကျေးရွာသူ/ရွာသားများ၏ လုပ်အားနှင့် ဖောက်လုပ်ရာမှာ တကြိမ်လျှင် တအိမ်ကို အနည်းဆုံး အမြင့် ၃ ပေ၊ အကျယ် ၁၅ ပေ၊ အရှည် ၃ ပေ ရှိသည့် သတ်မှတ်ချက်အကွာအဝေးကို ဖောက်လုပ်ပေးရပါသည်။

မိမိတို့၏ စားဝတ်နေရေးအတွက် ငွဲကွက်နေရသည့်ကြားမှ တကြိမ်လျှင် အနည်းဆုံး ၃ ရက်ကြာ လမ်းဖောက်လုပ်ပေးနေရသောကြောင့် ဒေသခံရွာသားများသည် မိမိတို့၏ သတ်မှတ်ချက်လမ်းအကွာအဝေးကို မြန်မြန်ပြီးစီးရန် ဖြစ်သလိုနှင့် သစ်ရွက် အကိုင်းအခက်များ အောက်ခံထည့်ပြီး အပေါ်ယံတွင် မြေဖို့၍ ဖောက်လုပ်ခဲ့ပါသည်။

လမ်းကို အပြီးစလွယ် ဖောက်လုပ်ခဲ့သည့်အတွက်ကြောင့် မိုးရွာနေသည့် ယခုချိန်တွင် အချို့ဖောက်လုပ်ပြီးခဲ့သော အပိုင်းများ အကြီးအကျယ် ပျက်စီးသွားခဲ့ပါသည်။

တပိုင်းတစဖြင့် ဖောက်လုပ်ပြီးစီးသွားခဲ့သောလမ်းကို လာရောက်လှည့်လည် ကြည့်ရှုကြသော အရှေ့တောင်တိုင်းမှ လမ်းဖောက်လုပ်ရေးဦးစီး အရာရှိများက ပျက်စီးနေသော ၄င်းလမ်းအဖြစ်အပျက်များကို မြင်ပြီး ဒေသခံကျေးရွာ ပြည်သူများအပေါ် မကျေမနပ်ဖြစ်ကာ ကြိမ်းမောင်းနေခဲ့ကြောင်း ကော့ဘိန်းတိုက်နယ် ဒေသခံများက လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

တရနာ–ကျုံဒိုးလမ်းကို ကော့ကရိတ်ခရိုင်ဥက္ကဌ ဗိုလ်မှူးကြီးကိုကိုကြီးမှ တာဝန်ယူကာ ဦးစီး ဖောက်လုပ်နေပြီး၊ အရှေ့တောင်တိုင်း တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်မှ ကြီးကြပ်နေခဲ့ပြီး လမ်းဖောက်လုပ်မှု အခြေအနေကို မကြာခဏ ကွင်းဆင်းစစ်ဆေး နေခဲ့ပါသည်။

အေပြီလမှ စတင်ဖောက်လုပ်ခဲ့သော ၄င်းလမ်းသည် ပြည်သူများ အသုံးပြုသွားလာနေခဲ့သော တရွာနှင့်တရွာဆက်သွယ်ထားသည့်လမ်းကြောင်းအတိုင်းမဟုတ်ဘဲ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ လမ်းကြောင်းအသစ် ရှာဖွေကာ ကလေး၊ အမျိုးသမီးများစွာတို့၏ အဓမ္မလုပ်အားနှင့် ဖောက်လုပ်နေသောလမ်း ဖြစ်ပါသည်။

တရနာ–ကျုံဒိုးလမ်း ဖောက်လုပ်ရာမှာ မွန်ပြည်သစ်ပါတီ သထုံခရိုင်အထက်ပိုင်းအရာရှိတို့က ဒေသခံရွာသူရွာသားများ၏ အဓမ္မလုပ်အားဖြစ် လမ်းကို မဖောက်လုပ်ရန်နှင့် စက်ကိရိယာများ အသုံးပြုပြီး ဖောက်လုပ်သွားရန် တားမြစ်တိုက်တွန်းနေသည့်အကြားမှ အရှေ့တောင်တိုင်း တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က ငြင်းပယ်ခဲ့ပြီး ဆက်လက် ဖောက်လုပ်ခဲ့ပါသည်။

ငြင်းပယ်ခဲ့သည့်အပြင် မွန်ပြည်သစ်ပါတီ သထုံခရိုင်အရာရှိများကိုလည်း ကြိမ်းမောင်းခဲ့ပါသေးသည်။ အလားတူ တချိန်တည်းမှာပင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်က တရနာကျေးရွာမှ ကြာအင်းဆိပ်ကြီးမြို့နယ် ချောင်းနှစ်ခွရွာလမ်းကိုလည်း အဓမ္မလုပ်အားပေးနှင့်ပင် ဖောက်လုပ်နေခဲ့ပါသည်။

နအဖအာဏာပိုင်တိုက ဤလမ်းနှစ်လမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများအတွက် ဆိုသော်လည်း၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အသိုင်းအဝိုင်းတို့က ၄င်းလမ်းများကို လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကို ထိုးစစ်ဆင်ရန်အတွက် အသုံးပြုသည့် စစ်မဟာဗျူဟာလမ်းဖြစ်နိုင်သည်ဟု ဆိုကြပါသည်။